
မင်းမြတ်သူရ
ငွေစန္ဒာသားကောင်

ရယူပိုင်ဆိုင်ခြင်းထက်

စွန့်လွှတ်ခြင်းပိုများ တာ

သဘာဝလောကကြီးရဲ့ သီအိုရီတစ်ရပ်ပါ .......

ချမ်းမြေ့သရဖီလှိုင်

စစ်ကြိုခေတ်က လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ခရိုင်မြို့ကြီးတစ်မြို့တွင် အိမ်နီကြီးဟု ကျော်ကြားသော ကျွန်းအိမ်ကြီး တစ်လုံး ရှိပါသည် ။

အိမ်နီကြီးသည် ပုရိသယောကျ်ားတို့ ၏ စကားဝိုင်းတွင် မကြာခဏ ပြောစမှတ်တွင် သောနေရာ ဖြစ်၏။ အိမ်နီကြီးသို့ မြို့ခံများ သာမက အ နီးအနားမြို့များမှ ပျော်ရွှင်တတ်သော ယောကျ်ားများ လည်း ငွေစကြေး စလေးများ ရွှင်သောအခါ အိမ်နီကြီးသို့လာ၍ အပန်းဖြေတတ်ကြ၏။

ပုရိသယောကျ်ားတို့ သည် အိမ်နီကြီးသို့ ရောက်သောအခါ ကျေနပ် ပျော်ရွှင်သွားကြသည် သာ ဖြစ်၏။

အိမ်နီကြီးသို့ တစ်ခေါက်တစ်ခါမျှ မရောက်ဖူးသော ပုရိသတို့ သည်

ခေတ်နောက်ကျလေဟန် ပြောဆိုတတ်ကြ၏။

ထို့ကြောင့်ပင် အိမ်နီကြီးသို့ ရောက်ဖူးအောင် သွားကြသူအလွန်များ၏။

အဆိုပါ အိမ်နီကြီးဆိုသည် မှာ မကောင်းသောမိန်းကလေးများ စု၍ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သော နေရာ ဖြစ်၏။

အိမ်နီကြီးတွင် မိန်းကလေးများ ၏ ဖြေဖျော်မှုကိုသာမက အစားအသောက် အဖျော်ယမကာ စသည် တို့ ကို လိုလေသေးမရှိအောင် စီစဉ်ထား၏။

ထို့ကြောင့်ပင် အိမ်နီကြီးသို့ လာရောက်သူများ သည် ပျော်ပါးရင်း စားသောက်နိုင်၏။

အရက်သေစာ အမျိုးမျိုးကို သောက်စားနိုင်၏။

ဤသို့ ဘုရားမကြိုက်သော အလုပ်များကို လုပ်ကိုင်နေသော်လည်း ကိုလိုနီခေတ်၏ ထုံးစံအတိုင်း သက်ဆိုင်ရာ မြို့ပိုင်၊ နယ်ပိုင်စသည် များကို ပေးကမ်းထားလျှင် စိတ်ချမ်းသာစွာ လုပ်ကိုင်နိုင်၏။

အဆိုပါ မြို့ပိုင်နယ်ပိုင်စသော ရာထူးရာခံ ရှိသူများ ပင်လျှင် အိမ်နီကြီး၏ ပရိသတ်များ ပင် ဖြစ်၏။

ထို့ကြောင့်ပင် အိမ်နီကြီးသည် ထိုနယ်တကြောတွင် ကျော်ကြားရခြင်း ဖြစ်ဟန်တူ၏။

အိမ်နီကြီးအကြောင်းကို ပြောဆိုရလျှင် အိမ်နီကြီး၏ ပိုင်ရှင်ဦးမာလတ်အကြောင်းကို ချန်လှပ်၍ မဖြစ်ပေ။

အဘယ်ကြောင့် ဆိုသော် ဦးမာလတ်သည် ထူးဆန်းသော လူတစ်

ယောက် ဖြစ်၏။

သူသည် ယောက်ျားစင်စစ်က မိန်းမစိတ်ပေါက်နေသော မိန်းမလျာ တစ်ဦး ဖြစ်၏။

သို့သော် အချို့သော မိန်းမလျာများကဲ့သို့ နွဲ့နွဲ့နှောင်းနှောင်းမရှိဘဲ ယောက်ျားများ လုပ်သောအလုပ်ကို အကုန်လုပ်သူ ဖြစ်၏။

ဦးမာလတ်သည် မြင်းစီး၏။ အရက်သောက်၏။ ဖဲရိုက်၏။ ရံဖန်ရံခါ မိန်းမများ နှင့်ပင် ပျော်ပါးတတ်သူ ဖြစ်၏။

တစ်ခါတစ်ရံ၌ မူ မိန်းမလျာတို့ ၏ သဘာဝအတိုင်း ငယ်ရွယ်သော ယောက်ျားပျိုလေးများ နှင့် ပျော်ရွှင်စွာ ရယ်မောပြောဆိုနေတတ်၏။

ဦးမာလတ်သည် သဘောကောင်းသူတစ်ဦးဟု အချို့ကယူဆတတ် သလို အချို့ကလည်း ကြောက်စရာကောင်းသည် ဟု ဆိုကြ၏။

တစ်ခါက မိန်းမတစ်ဦးကဲ့သို့ ဝတ်စားဆင်ယင်လာသော ဦးမာလတ် ကို အခြားနယ်မှ လူတစ်ဦးက နောက်ပြောင်ဖူး၏။

ထိုအကြောင်းကို မျက်မြင်သက်သေတွေ့ရှိသူများက တအံ့တသြပြောဆိုကြကုန်၏။

ထိုညက အိမ်နီကြီး၏ အောက်ထပ်ရှိ စားပွဲဝိုင်းအားလုံးတွင် စား သောက်သူများ နှင့် ထူးထူးခြားခြားပြည့်နေ၏။

ဦးမာလတ်သည် စားသောက်ခန်းမဖြတ်၍ အိမ်ကြီး၏ အပေါ်ထပ်သို့ ကနွဲ့ကလျှ လျှောက်လှမ်းသွား၏။

ထိုအချိန်တွင် အရက်အလွန်အကျွံမူးနေသူတစ်ဦးသည် အနီးမှ ဖြတ် သန်းသွားသော ဦးမာလတ်၏ တင်ပါးကို ဖြန်းခနဲရိုက်ကာ တဟားဟား

ရယ်မောရှ်

"ဟား ...ဟား ....ဟား ....... သိပ်လှတဲ့ မိန်းမကြီးပါလား"

ဟု လှောင်ပြောင်လိုက်၏။ ဦးမာလတ်သည် ထိုသူကို မျက်ထောင့်နီကြီးဖြင့်ကြည့်၍ အနီးသို့သွားကာ ကုပ်မှ ကိုင်၍ အဝေးသို့ ဆောင့်တွန်းလိုက်၏။

ထိုသူသည် အခန်းထောင့်သို့ အရှိန်ဖြင့် လွင့်စဉ်ထွက်သွားပြီး အမှိုက်ပုံးထဲတွင် ခေါင်းစိုက်နေ၏။

ထိုမြင်ကွင်းကိုကြည့်၍ ၎င်း၏ အဖော်များ သည် ဒေါသူပုန်ထသွားပြီး

"မိန်းမလျာကြီး အတော်ရိုင်းပါလား"

ဟု အော်ဟစ်ကာ ဦးမာလတ်အား လက်သီးဖြင့် ထိုးလေ၏။

ဦးမာလတ်သည် ထိုသူ၏ လက်သီးကို ရှောင်တိမ်းခြင်းမပြုဘဲ အေးတိအေးစက်ကြည့်နေပြီး အနီးသို့ ရောက်သောအခါမှ ပင် ရန်သူ၏ လက်သီးကို သန်မာသောလက်ကြီးဖြင့် ဆုပ်ကိုင်ပြီး လိမ်ချိုးလိုက်ရာ ရန်သူသည် ငယ်သံပါအောင်အော်၍ ကြမ်းပေါ်သို့ လဲကျသွားလေ၏။

နောက်ဆုံး ကျန်နေသူတစ်ဦးမှာ မိုက်ရူးရဲတစ်ယောက်ဖြစ်ပြီး ခါးကြားမှ ဓားကိုထုတ်၍ ဦးမာလတ်၏ ရင်ဝသို့ ပြေးထိုးလေ၏။ ဦးမာလတ်သည် ဓားကိုင်လက်ကို ချုပ်ကိုင်၍ ထိုသူ၏ ကိုယ်ကို တစ်ပတ်လှည့်လိုက်ပြီး တင်ပါးကို ခြေဖြင့်ကန်လိုက်ရာ ထိုသူသည် တံခါးပေါက်မှ အပြင်သို့ လွင့်စဉ်သွားလေ၏။

ထိုအခါမှ ပင် ဦးမာလတ်က အခန်းထဲရှိ တအံ့တသြကြည့်နေသူများကို မျက်လုံးဝေ့ကြည့်၍

"မိန်းမလျှာဆိုပြီး စော်ကားမယ်မကြံနဲ့ ငရဲပြည်ရောက်သွားမယ်"

ဟု ကြုံးဝါးကာ အိမ်နီကြီး၏ အပေါ်ထပ်သို့ ဣန္ဒြေရရ တက်သွားလေ၏။

ထိုအချိန်မှ စ၍ ဦးမာလတ်ကို မည်သူမျှ မစော်ကားဝံ့တော့ဘဲ ကြောက်ရွံ့သွားကြကုန်၏။

*

အိမ်နီကြီးတွင် သနားစရာကောင်းသော လူငယ်တစ်ယောက်လည်း ရှိ၏။

ထိုလူငယ်လေးသည် အိမ်နီကြီး၏ တောက်တိုမယ်ရ အလုပ်များကို သိမ်းကျုံး၍ လုပ်ရရှာသော အောင်စေဆိုသည့် လူငယ်လေး ဖြစ်၏။

အောင်စေသည် အိမ်နီကြီးသို့ လာရောက်သောသူများအား စားသောက်ဖွယ်ရာများ စီစဉ်ပေးရ၏။ အဖျော်ယမကာများကို ယူဆောင်ပေးရ၏ ။

အပျော်အပါး ဝါသနာထုံသူတို့ ၏ နောက်ပြောင်ခြင်း ၊ အနိုင်ကျင့်ခြင်းကိုလည်း ခံရရှာ၏။

အောင်စေသည် ပျော်ရွှင်သူများ ၏ ခိုင်းစေခြင်းကိုသာမက အိမ်နီကြီး၏ အလှရှင်မိန်းမလှလေးများ ၏ ခိုင်းစေခြင်းကိုလည်း ခံရသေးသည် ။

ထို့ကြောင့်ပင် အောင်စေသည် အနားရသည် မရှိဘဲ အမြဲတမ်းသူတစ်ပါးခိုင်းစေသော အလုပ်များ နှင့် နပန်းလုံးနေရ၏။

မည်သို့ပင်ဖြစ်စေ အောင်စေသည် ညည်းညူခြင်းမရှိပဲ ခိုင်းစေသူများ ကျေနပ်လောက်အောင် လုပ်ကိုင်ပေးခဲ့၏။

အရက်မူးရူးနေသူများ ၏ အနိုင်ကျင့်စော်ကားမှုကို ခေါင်းငုံ့ခံခဲ့၏။

အလှရှင်မိန်းကလေးများ ၏ ခေါင်းခေါက်ခြင်း၊ ဗိုက်ကြောဆွဲလိမ်ခြင်း၊ ဆဲဆိုခြင်း စသည် တို့ ကိုလည်း အပြုံးမပျက်ဘဲ ခံယူခဲ့၏။

အောင်စေသည် အိမ်နီကြီး၏ များ ပြားလှသော တာဝန်များကို တစ်ယောက်တည်း ဒိုင်ခံလုပ်ကိုင်ပေး၏။

အမှန်စင်စစ် အိမ်နီကြီး၏ လုပ်ငန်းဆောင်တာများ လုပ်ကိုင်စေရန် အနည်းဆုံး အလုပ်သမားလေးဦးမျှ လုပ်ကိုင်ရမည် ဖြစ်၏။

သို့သော် မိန်းမလျာကြီး ဦးမာလတ်က အိမ်နီကြီးအတွက် အောင်စေ တစ်ယောက်ကိုသာ အလုပ်သမားအဖြစ် ထားရှိခဲ့၏။

ဦးမာလတ်၏ အကြောင်းပြချက်ကမူ

"အိမ်နီကြီးက တခြားအိမ်တွေနဲ့ မတူဘူး၊ မိန်းကလေး အလုပ်သမားတွေလဲ ငှားဖို့ မဖြစ်နိုင်ဘူး၊ သူတို့ ကို ငှားရင် ငါ့ရဲ့ နတ်သမီးတွေရဲ့ အလှဂုဏ်ပျက်သွားနိုင်တယ်၊ အိမ်နီကြီးထဲမှာ မိန်းမလှလေးတွေကလွဲလို့ အခြားမိန်းကလေးတွေ မရှိစေရဘူး ၊ အိမ်နီကြီးထဲကိုရောက်တဲ့ မိန်းမမှန်ရင် နတ်သမီးတွေပဲ ဖြစ်ရမယ်၊ ဒီလိုပဲ အိမ်နီကြီးမှာ အောင်စေလို ငယ်ရွယ်ရိုးသားတဲ့ ကောင်လေးကလွဲရင် ရွယ်တူယောကျာ်းတွေငှားဖို့ မဖြစ်နိုင်ဘူး၊ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိဆိုတဲ့ စကားရှိတယ်၊ ဒါဆိုရင် ငါ့ရဲ့ နတ်သမီးတွေရဲ့ ဂုဏ်သိက္ခာပျက်သွားနိုင်တယ်"

ဟု ပြောလေတော့၏။ ထို့ကြောင့်ပင် အောင်စေသည် အိမ်နီကြီး၏ တစ်ဦးတည်းသော အလုပ်သမားဖြစ်ခဲ့လေ၏။

အိမ်နီကြီး၏ အလျှို့ဝှက်ဆုံး လူသားတစ်ယောက်လည်း ကျန်ရှိနေသေး၏။

ထိုသူမှာ စားဖိုမှူးတာဝန်ယူရသော အရိုးပဒေသာကြီး ဦးကောက်ပင် ဖြစ်၏။ ဦးကောက်ကို အရိုးပဒေသာဟု ခေါ်တွင် ရခြင်းမှာ လွန်စွာပိန်လှီသောကြောင့် ဖြစ်၏။

ဦးကောက်သည် မီးဖိုခန်းကလွဲရင် မည်သည့်နေရာကိုမျှ ထွက်လေ့မရှိပေ။

ဦးကောက်သည် စကားလည်း အလွန်နည်း၏။ မနက်မိုးလင်းသည်နှင့် ဈေးဝယ်ရမည့်စာရင်းကို စာရွက်တစ်ရွက်တွင် ရေး၍ စားပွဲခုံပေါ်တွင် တင်ထား၏။

အောင်စေသည် ဦးကောက်ရေးထားသော စာရင်းကိုကြည့်၍ ဦးမာလတ်ထံမှ ပိုက်ဆံတောင်း၍ ဈေးဝယ်ထွက်ရ၏။

အောင်စေ ဈေးဝယ်ရာမှ ပြန်လာသောအခါ မီးဖိုခန်းထဲသို့ ခြင်းတောင်းကြီးကို ပို့ပေးရ၏။

ထိုအချိန်တွင် ဦးကောက်သည် ၎င်းအတွက်ပေးထားသော မီးဖိုခန်းအနီးရှိ အခန်းငယ်လေးတွင် တံခါးပိတ်၍ နေလေ၏။

အောင်စေ မီးဖိုခန်းမှ ထွက်သည် နှင့် ဦးကောက်က မီးဖိုခန်းတံခါးကိုပိတ်၍ တစ်ဦးတည်း ချက်ပြုတ်ကြော်လှော်လေတော့၏။

ထမင်းဟင်းများ ကျက်သည် နှင့် အောင်စေကို ခေါင်းလောင်းတီး၍ ခေါ်ယူကာ ထမင်းဟင်းများကို လင်ပန်းဖြင့် ထည့်ပေးလေ၏။

မိန်းမလျာကြီး ဦးမာလတ်က

"ဦးကောက်ဟာ သူ့တာဝန်ကို သူသိတဲ့ လူပဲ၊ သူ့အလုပ်ကိုပဲ သူစိတ်ဝင်စားတယ်၊ သူတစ်ပါးနယ်ပယ်ထဲကို မကျူးကျော်တတ်ဘူး၊ လောကမှာ ရှိတဲ့ လူတွေဟာ များ သောအားဖြင့် ကိုယ်နဲ့ မဆိုင်တဲ့ အကြောင်းအ

ရာတွေမှာ စိတ်ဝင်စားပြီး အချိန်ကုန်လေ့ရှိတယ်"

ဟု ပြောလေတော့၏။

အောင်စေသည် သူ၏ ဘဝအကြောင်းကိုလည်း မကြာခဏ စဉ်းစားနေတတ်၏။ သူ့ဘဝသည် ပဟေဠိအလွန်ဆန်၏။

လွန်ခဲ့သော ၁၅နှစ်ခန့်က မိုးတွေရွာသော ညတစ်ညတွင် အမျိုးသမီးတစ်ဦးသည် တစ်နှစ်သားအရွယ် ကလေးငယ်တစ်ဦးကို ရင်ခွင်ပိုက်၍ မိန်းမလျာကြီး ဦးမာလတ်ထံ ရောက်ရှိ လာလေ၏။

ဦးမာလတ်သည် ကလေးငယ်နှင့်အတူ မိုးရေများ ရွှဲရွှဲစိုနေသော အမျိုးသမီးကို ကရုဏာစိတ်ဖြင့် အိမ်နီကြီး၌ တစ်ညအိပ်စေခဲ့၏။

နောက်တစ်နေ့နံနက်တွင် အမျိုးသမီးကို မတွေ့ရတော့ဘဲ အိပ်ခန်းထဲတွင် ကလေးငယ်ကိုသာ တွေ့ရလေ၏။

ကလေးငယ်၏ အနီးတွင် စာတစ်စောင်ကို တွေ့သဖြင့် ဖတ်ကြည့်ရာ

'တစ်ညတာ အိပ်ခွင့်ပေးတာ ကျေးဇူးတင်ပါတယ်။ ကလေးကို မွေးချင်စိတ်ရှိရင် မွေးပါ။ မမွေးချင်ရင်လဲ သူများကို ပေးလိုက်ပါ။ သတ္တဝါအားလုံးဟာ ကံစီမံရာလို့ ဝမ်းနည်းစရာ မရှိပါဘူး'

ဟူ၍ တွေ့ရလေ၏။ မိန်းမလျာကြီး ဦးမာလတ်သည် ကလေးငယ်ကို ကြည့်၍ အသံပြဲကြီးနှင့် ကျယ်လောင်စွာ အော်ဟစ် လိုက်လေ၏။

"လင်ကောင်မပေါ်ဘဲ ကလေးမွေးပြီး ငါ့ကိုအမှုပတ်အောင် လာလုပ်တယ်၊ အများ သူငါတွေက ငါမွေးတဲ့ ကလေးထင်ပြီး သွားပုတ်လေလွင့်ပြောကြလိမ့်မယ်၊ မဖြစ်ဘူး၊ မဖြစ်ဘူ၊ ဒီကလေးကို မွေးလို့ မဖြစ်ဘူး၊ အမှိုက်ပုံမှာ သွားပစ်ရမယ်"

ဟု ပြောလေ၏။ ဦးမာလတ်၏ အော်ဟစ်သံကြောင့် အိမ်နီကြီးတွင် အလုပ်လုပ်ကြသော မိန်းမလှလေးများ အပြေးရောက်ရှိ လာပြီး ဖြစ်ကြောင်းကုန်စင်ကို မေးမြန်းကြလေ၏။ အကျိုးအကြောင်းကို သိရသောအခါ ကလေးချစ်တတ်သော မိန်းကလေးများက တစ်လှည့်စီချီပိုး၍ ကလေးကို ၎င်းတို့ အားလုံး တစ်လှည့်စီ ကျွေးမွေးပြုစုမည်ဖြစ်ကြောင်း ပြောဆို၍ မိန်းမလျာကြီးအား ကလေးကို မစွန့်ပစ်ရန် တောင်းဆိုကြလေ၏။ မိန်းမလျာကြီး ဦးမာလတ်သည် ပျော်တော်ဆက်မိန်းမများကို မလွန်ဆန်နိုင်သူဖြစ်သဖြင့်

"အေး .... ညည်းတို့ မွေးမယ် ဆိုရင်တော့ မွေးကြ၊ ဒါပေမဲ့ ဒီကလေးနဲ့ ပတ်သက်ပြီး အကျိုးအကြောင်း အဆိုးအကောင်းကိုင့်ါကို ဘယ်သူမှ လာမပြောနဲ့ ၊ ငါတာဝန်မယူဘူး၊ ကလေးလည်း မချစ်တတ်ဘူး"

ဟု ငြင်းဆို လိုက်လေ၏။

မည်သို့ပင်ဖြစ်စေ ပျော်တော်ဆက်မိန်းမများ သည် ၎င်းတို့ ၏ လုပ်ငန်းသဘောအရ ကလေးမယူနိုင်ကြသဖြင့် ကလေးချစ်တတ်သူများ ဖြစ်၏။ ထို့ကြောင့် အောင်စေ၏ ငယ်ဘဝသည် ပျော်တော်ဆက်မိန်းမများ ၏ လက်တွင်း ကြီးပြင်းခဲ့ရလေ၏။

ထိုမိန်းမများ ၏ ကလေးချော့သီချင်းမျိုးစုံကို နားထောင်၍ အိပ်စက်ခဲ့ရ၏။

ထိုမိန်းမများ ၏ ချော့မြူသံ၊ အော်ဟစ်သံ ၊ကြိမ်းမောင်းသံများမှ ကြီးပြင်းခဲ့ရ၏။

အိမ်နီကြီးတွင် ပျော်တော်ဆက်အလုပ်ကို လုပ်ကိုင်ကြသော မိန်းမများ အသက်အရွယ်ကြီးရင့်လာလျှင် ဦးမာလတ်က ဆက်လက်မငှားရမ်းတော့သဖြင့် အိမ်နီကြီးမှ ထွက်ခွာသွားလေ့ရှိ၏။

ထိုမိန်းမများ ခွဲခွာကာနီးတွင် အောင်စေကို မျက်ရည်တစမ်းစမ်းဖြင့် တမ်းတသွားခဲ့ကြ၏။

အချို့လည်း အောင်စေကို လှည့်၍ ပင်မကြည့်ဘဲ ကျောကော့၍ ဆင်းသွားကြ၏။

မည်သို့ပင်ဖြစ်စေ အောင်စေသည် ၎င်းတို့ ခွဲခွာသွားသည့်အတွက် ဝမ်းနည်းမနေအားဘဲ ကလေးငယ်နှင့်မမျှသော အလုပ်များကို လုပ်ကိုင်ရ၏။

သူ့အား မိန်းမလျာကြီးက ပညာမသင်ပေးဘဲ ငါးနှစ်အရွယ်မှ စ၍ အိမ်နီကြီးတွင် တောက်တိုမယ်ရအလုပ်များကို လုပ်ကိုင်စေ၏။

သို့သော် အောင်စေသည် မြန်မာစာကိုသာမက အင်္ဂလိပ်စာကိုပင် အတော်အသင့် ရေးတတ်၊ ဖတ်တတ်နေ၏။

သူ၏ ဆရာများမှာ ပျော်တော်ဆက်မိန်းမများ ပင် ဖြစ်၏။

သူမတို့ သည် ဘဝပေးအခြေအနေအရ ပျော်တော်ဆက်အလုပ်ကို လုပ်ကိုင်နေရသော်လည်း အချို့မှာ ပညာကောင်းစွာ တတ်ကျွမ်း၏။

စာပေဗဟု သုတနှင့် ပြည့်စုံ၏။ ကဗျာလင်္ကာသီကုံးတတ်၏။ အတွေးအခေါ် ဒဿနနှင့် မစိမ်းသူလည်း ရှိ၏။

၎င်းတို့ ထံမှ တစ်ယောက်တစ်မျိုး သင်ပြပေးမှုကြောင့် အောင်စေသည် ငယ်စဉ်ကပင် ပညာရပ်မျိုးစုံကို ရင်းနှီးကျွမ်းဝင်ခဲ့၏။

ပျော်တော်ဆက်မိန်းမများ သည် အောင်စေကို ကောင်းသောအတတ်ပညာများကို သင်ကြားပေးသကဲ့သို့ မကောင်းသော ပညာမျိုးစုံကိုလည်း သင်ကြားပေးခဲ့၏။

ထို့ကြောင့်ပင် အောင်စေသည် သူခိုးအတတ်၊ ခါးပိုက်နှိုက်အတတ်စသည် ဖြင့် အတတ်အမျိုးမျိုးကိုလည်း တတ်ကျွမ်း၏။

မည်သို့ပင်ဖြစ်စေ၊ အောင်စေသည် တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးမဖြစ်ဘဲ ရိုးသားသော လူငယ်တစ်ယောက်သာ ဖြစ်နေ၏။

အောင်စေသည် ငယ်စဉ်ကပင် ဘဝနာခဲ့သူဖြစ်သဖြင့် အရွယ်နှင့်မမျှအောင် လူ့ဘဝအကြောင်းကို သိတတ်၏။

ဘဝဟူသည် ကံကြမ္မာ၏ အလိုအတိုင်း ကပြနေရသည် မဟုတ်ပါလား။

သူ၏ ဘဝသည် ကံစီမံရာအတိုင်း အိမ်နီကြီးတွင် အများ ၏ ခိုင်းဖတ်အဖြစ် ဆင်းရဲစွာနေထိုင်ခဲ့ရ၏။

ကံကြမ္မာကောင်းမွန်လာသောနေ့တွင် ဆင်းရဲကျပ်တည်းခြင်းမှ လွတ်မြောက်နိုင်မည်ဟု သူယုံကြည်၏။

ထို့ကြောင့်ပင် သူနှင့်ဆက်ဆံသူများ စိတ်ချမ်းသာအောင် အတတ်နိုင်ဆုံး ကြိုးစားနေလေတော့၏။

အောင်စေသည် ပျော်တော်ဆက် မိန်းကလေးများ ထံမှ လည်း အတတ်ပညာမျိုးကို သင်ယူသောအခါ မခင်စိန်ဆိုသော မိန်းမထံမှ မျက်လှည့်ပညာကို သင်ယူသောအချိန်မှာ အပျော်ရွှင်ဆုံး ဖြစ်၏။

မခင်စိန်သည် သူနှင့်ဆက်ဆံသူများအား မျက်လှည့်ပြ၍ ဖြေဖျော်တတ်၏။

သူမ၏ ခေါင်းထက်မှ ပန်းပွင့်လေးသည် ဖဲပွင့်ဖြစ်လိုက်၊ ကြေးပြားဖြစ်လိုက်နှင့် အမျိုးမျိုးပြောင်းလဲသွားအောင် မျက်လှည့်ပြတတ်သူ ဖြစ်၏။

အောင်စေသည် အိမ်နီကြီးသို့လာရောက်သော ယောကျ်ားများ ၏ အနိုင်ကျင့်ခြင်းကို ခံရသည့်အချိန်မှ လွဲ၍ ကျန်အချိန်များ တွင် ပျော်ရွှင်စွာ နေထိုင်ရလေ၏။

အိမ်နီကြီး၏ ဧည့်သည် များ အနက် ရွှေတွင်းတွင် အလုပ်လုပ်သော အိုက်မောင်တို့ အဖွဲ့သည် အဆိုးဆုံး ဖြစ်၏။

အိုက်မောင်တို့ ကို အောင်စေသာမက ပျော်တော်ဆက် မိန်းကလေး များ ပင်လျှင် ရွံ့ရှာကြ၏။

၎င်းတို့ သည် ရွှေတွင်းတွင် တစ်လလုံးရှာဖွေခဲ့သော ပိုက်ဆံများကို အိမ်နီကြီးတွင် သုံးရက်အတွင်း ဖြုန်းတီးပစ်ကြ၏။

အကြောင်းသိသူများ ၏ ပြောစကားအရ ၎င်းတို့ အဖွဲ့သည် ရွှေတွင်း တွင် ရိုးရိုးသားသား ရှာဖွေသူများ မဟုတ်ကြဘဲ လောင်းကစားဝိုင်း ထောင်ခြင်း၊ လုယက်ခြင်း ၊ ဓားပြတိုက်ခြင်းတို့ ကို ပြုလုပ်ကြသည် ဆို၏။

အိုက်မောင်တို့ အဖွဲ့တွင် လူငါးယောက်ပါရှိပြီး အားလုံးရိုင်းစိုင်းကြမ်းတမ်းကြ၏။

မိန်းမလျာကြီး ဦးမာလတ်က အိုက်မောင်တို့ ၏ ငွေကြေးသုံးစွဲမှုကို သဘောကျ၍ သည်းခံခွင့်လွှတ်၏။

၎င်းအတို့ အဖွဲ့သည် ရွှေတောရှိရာမှ အိမ်နီကြီးသို့ အမိုးဖွင့် မြင်းရထားတစ်စီးဖြင့် လာရောက်လေ့ရှိ၏။

အိုက်မောင်တို့ အဖွဲ့သည် တစ်လမ်းလုံး အရက်များ သောက်လာကြပြီး အိမ်နီကြီးသို့ရောက်လျှင် ဆူညံစွာအော်ဟစ်၍ အောက်ထပ် စားသောက်ခန်းသို့ဝင်ကာ စားသောက်ကြ၏။

ထိုသို့မှာ ယူစားသောက်ရင်း အခြားဧည့်သည် များ နှင့်ရန်ဖြစ်ခြင်း၊ ပန်းကန်များကိုရိုက်ခွဲခြင်း၊ စားသောက်ဖွယ်ရာများကို အပြစ်တင်ခြင်း တို့ ပြုလုပ်၏။

တစ်ခါက အိုက်မောင်သည် အောင်စေကိုခေါ်၍ အကြောင်းမရှိဘဲ ဇက်ပိုးကို ခပ်ဆတ်ဆတ်ရိုက်ရာ အောင်စေသည် ခန္ဓာကိုယ် ယိမ်းယိုင်သွားလေ၏။ အောင်စေက အိုက်မောင်ကို မကျေမနပ်ကြည့်၍

"ဘာဖြစ်လို့ ရိုက်တာလဲ၊ ခေါင်းထဲမှာ မူးသွားတာပဲ"

ဟု ညည်းညူ လိုက်လေရာ အိုက်မောင်က တဟားဟားရယ်မော၍

"ဟား ဟား ဟား ... မင်းကိုကြည့်ရတာ သွက်သွက်လက်လက်မရှိဘူး၊ ထိုင်းမှိုင်းနေလို့ နည်းနည်းသွက်သွားအောင် လုပ်ပေးလိုက်တာ မှတ်ထား၊ ငါတို့ အဖွဲ့လာရင် နောက် ဒီပုံစံနဲ့ ဘယ်တော့မှ မမြင်ချင်ဘူး၊ တစ်ချိန်လုံးအနီးမှာ ရပ်နေပြီး လိုအပ်တာကို သွက်သွက် လုပ်ပေးရမယ် ၊ နောက်တစ်ကြိမ်လာလို့ ထုံထိုင်းထိုင်းဖြစ်ရင် ဒီလိုအရိုက်ခံရမယ်၊ သွားစမ်း .... ငါ့အတွက် ခေါက်ဆွဲကြော်တစ်ပွဲ အမြန်ဆုံးလာချပေး၊ ခေါက်ဆွဲကြော်ကို ဝက်သားရော ကြက်သားပါထည့်ပေး၊ အိုကွာ ပုစွန်ရှိရင် ပုစွန်ပါထည့် ခေါက်ဆွဲကြော်မှာ အသားနည်းရင်လဲ မင်းနာဖို့ သာပြင်"

ဟု ပြောလေရာ အောင်စေသည် ထိတ်လန့်သွားပြီး ဦးကောက်ထံသို့ သွား၍ မှာ ကြားရလေ၏။

ခဏအကြာတွင် ခေါက်ဆွဲကြော်ကို အိုက်မောင်မှာ သည့်အတိုင်း ဝက်သား၊ကြက်သား ၊ ပုစွန်များ နိုင်းချင်းထည့်၍ စားပွဲဆီသို့ ရင်တထိတ်ထိတ်ဖြင့် သွားချပေးလေ၏။ အိုက်မောင်သည် အငွေ့တထောင်းထောင်းထနေသော ခေါက်ဆွဲကြော်ကို တူဖြင့်မွှေ၍ အ

သားများကို ရှာဖွေကြည့်လိုက်ပြီး ခေါင်းတဆတ်ဆတ်ညိတ်၍

"အင်း ..... အသားတွေကတော့ စုံသားပဲ၊ ဒါပေမယ့် ခေါက်ဆွဲကြော် ထဲမှာ ဝက်ဆီများ လွန်းတယ်၊ ဒါဟာ မင်းအသုံးမကျလို့ ဘဲဖြစ်မယ်"

ဟု ပြောကာ အောင်စေကို ဂုတ်ဆွဲ၍ ဇက်ပိုးကို ဖြောင်းခနဲ ရိုက် လိုက်လေရာ အိုက်မောင်၏ တပည့်များ သည် တဟားဟားရယ်မောကြ၏ ။

ထို့နောက် အိုက်မောင်တို့ အဖွဲ့၏ စားသောက်ဖွယ်ရာအမျိုးမျိုးကို မှာ ကြား၍ ၎င်းတို့ အလိုမကျသည့်အခါတိုင်း အောင်စေကို ခြေဖြင့် ကန်ကျောက်ခြင်း၊ လက်သီးဖြင့်ထိုးခြင်း ၊ ဇက်ပိုးကိုရိုက်ခြင်း စသည့်နှိပ်စက်ညှဉ်းပန်းခြင်းကို ပြုလုပ်လေ၏။

အိုက်မောင်တို့ အဖွဲ့သည် အောင်စေကိုသာ အနိုင်ကျင့်ခြင်းမဟုတ်ဘဲ အခြားသော ဝိုင်းမှ ဧည့်သည် များကို ရန်စခြင်း၊ ပြဿနာရှာခြင်းတို့ကို ပြုလုပ်ကြ၏။

၎င်းတို့ သည် အောက်တန်းကျ၍ ရိုင်းစိုင်းသူများ ဖြစ်၍ ပျော်တော်ဆက်မိန်းကလေးများ ပင် မနှစ်သက်ကြပေ။

အိုက်မောင်တို့ အဖွဲ့သည် မိန်းကလေးများကိုလည်း စိတ်ဒုက္ခရောက်အောင် အမျိုးမျိုးခိုင်းစေတတ်သည် ဟု တိတ်တခိုးညည်းတွားသံများမှ ကြားရလေ၏။

အောင်စေသည် အိုက်မောင်တို့ ရောက်လာလျှင် စိတ်ဆင်းရဲကြီးစွာဖြင့် နေထိုင်ရလေ၏။

တစ်ခါက အိုက်မောင်၏ လက်သီးချက်ကြောင့် နှာခေါင်းမှ သွေးများ ကျလာသဖြင့် မိန်းမလျာကြီးကို သွားရောက်တိုင်ကြားရာ

မိန်းမလျှာကြီးက

"လောကစံဆိုတာ ဒီလိုပဲကွ၊ ကြမ်းတမ်းတယ်၊ လောကမှာ ပန်းခင်းလမ်းမရှိဘူးဆိုတာ အိုက်မောင်က မင်းကိုသတိပေးနေတာပဲ၊ ဒီတော့ အိုက်မောင်ကို စိတ်မဆိုးဘဲ ကျေးဇူးတောင်တင်သင့်တယ်၊ ဘာလို့ လဲ ဆိုတော့ လောကစံရဲ့ ကြမ်းတမ်းရက်စက်မှုတွေကို အိုက်မောင်က မင်းကို အခမဲ့သင်ပြပေးနေတယ်လေကွာ၊ ဒါကြောင့် ပြုံးပြုံးကြီးသာ ခံလိုက် "

ဟု ပဟေဠိဆန်သောစကားကိုဆိုသဖြင့် အောင်စေသည် စိတ်ပျက်လက်ပျက် ပြန်ခဲ့ရလေ၏။

အိမ်နီကြီး၏ အနောက်တွင် လွန်စွာသာယာသည့်ရေကန်ကြီးရှိ၏။ ရေကန်ကြီးထဲတွင် ကြာပန်းများ ပေါက်ရောက်နေ၏။

ဦးမာလတ်သည် ရေကန်ကြီးကို အမြဲပင်သန့်ရှင်းနေစေပြီး အမှိုက်သရိုက်များကို ဆယ်ပစ်ရန် လှေငယ်တစ်စီးကိုလည်း ထားရှိ၏။

အောင်စေသည် အားလုပ်ချိန်များ တွင် လှေတစ်စီးဖြင့် ရေကန်ထဲရှိ အမှိုက်များကို ဆယ်ရ၏။

ပျော်တော်ဆက်မိန်းကလေးများ သည် ရံဖန်ရံခါတွင် လှေစီးချင်သည့်အခါ အောင်စေကိုခေါ်၍ ရေကန်ထဲတွင် လှော်ခတ်ခိုင်းလေ့ရှိ၏။

အောင်စေသည် ၎င်းတို့ နှင့် လှေစီးရသည့်အခါ လွန်စွာပျော်ရွှင်၏။

အဘယ်ကြောင့် ဆိုသော် မိန်းကလေးများ သည် လှေပေါ်သို့ ပျော်ပွဲစားထွက်သည့်နှယ် ခြင်းတောင်းတစ်လုံးဖြင့် ဘိလပ်ရည်၊ ငါးသေတ္တာ၊ ပေါင်မုန့်၊ လက်ဖက်သုပ်၊ ဂျင်းသုပ် စသည် တို့ ကို ယူဆောင်လာသောကြောင့် ဖြစ်၏။

မိန်းကလေးများ သည် လှေပေါ်တွင် ပျော်ရွှင်စွာဖြင့် သီချင်းများ သီဆိုကြ၏။ တောပန်းလေးများကို ခူးဆွတ်ကြ၏။

ရယ်စရာမောစရာများကို ပြောဆိုကြ၏။ တစ်ဦးနှင့်တစ်ဦး ရေနှင့်ပက်၍ ဆော့ကစားကြ၏။ မောပန်းလာသောအခါ စားသောက်ဖွယ်ရာများကို ခြင်းတောင်းထဲမှ ထုတ်၍ စားသောက်ကြ၏။

အောင်စေကိုလည်း ကျွေးမွေး၏။ အောင်စေသည် သောက်ရခဲလှသော ဘိလပ်ရည်ကို အလွန်ကြိုက်၏။

ငါးသေတ္တာကိုလည်း သံဘူးထဲတွင် လပေါင်းများ စွာထား၍ မပုပ်မသိုးသောကြောင့် အထူးအဆန်းဖြစ်နေသဖြင့် နှစ်သက်စွာ စားသောက်၏။

အောင်စေတို့ လှေစီးလှေ့ရှိသောကန်ကို မိန်းမလျာကြီးက မဟာနန္ဒာကန်ဟု အမည်ပေးကာ ကန်အနီးတွင် ပန်းချီဆရာအား ဆိုင်းဘုတ်ရေးဆွဲခိုင်း၏။

မဟာနန္ဒာကန်အနီးတွင် အလွန်ချိုသော အရက်ပင်ကြီး တစ်ပင်ရှိ၏။

ထိုသရက်ပင်ကြီးမှ သီးသောအသီးများ သည် အလွန်ချို၍ မွှေးပျံ့သောကြောင့် ပျော်တော်ဆက် မိန်းကလေးများ အထူးနှစ်သက်ကြ၏။

မိန်းမလျာကြီးသည် ထိုသရက်ပင်ကို လွန်စွာတန်ဖိုးထား၍ သရက်သီးပေါ်လာသောအခါ ၎င်းကိုယ်တိုင်ဦးဆောင်၍ ခူးဆွတ်လေ၏။

ထိုသရက်မှ အသရက်သီးများကို မည်သူမျှ မခူးမဆွတ်ရ ဟူသော သံမဏိစည်းကမ်းထုတ်ထားလေ၏။ မိန်းမလျာကြီးက သရက်သီးများ

နှင့် ပတ်သက်၍

"သရက်မှန်ရင်တော့ ချိုကြတာချည်းပါပဲ၊ ဒါပေမဲ့ သရက်သီးတစ်လုံးဟာ အရသာအပြင် အနံ့ကစကားပြောတယ်၊ ဒီသရက်ပင်ကြီးတွေဟာ မြန်မာဘုရင်တွေကို ဆက်သရမယ့် ပင်တော်လေးမျိုးတွေဟဲ့၊ ပင်တော်လေးသရက်ဟာ အရသာထူးကဲရုံမကဘူး၊ အနံ့ကအလွန်မွှေးတယ်၊ အရောင်ကလဲ ပန်းသီးလိုနီရဲနေတယ်၊ အသားကိုခွဲလိုက်ရင် အကြောအမျှင် လုံဝမရှိဘူး၊ သိပ်နူးညံ့တယ်"

ဟု ပြောခဲ့ဖူး၏။ မိန်းမလျာကြီး၏ စကားသည် ဟုတ်မှန်သယောင်ရှိ၏။ ပင်တော်လေးသရက်ကို ခူးဆွတ်၍ အခန်းထဲထည့်ထားလျှင် အခန်းတစ်ခုလုံး မွှေးကြိုင်နေလေ့ရှိ၏။

ထိုပင်တော်လေးသရက်ကို အကြောင်းပြု၍ အောင်စေသည် ရန်ပွဲဆင်နွှဲခဲ့ရပြန်၏။

တစ်နေ့သ၌ အိမ်နီကြီး၏ မနီးမဝေးတွင် နေထိုင်ကြသော စက်သူဌေး ဦးခင်မောင်နု၏ မယားကြီးမယားငယ်တို့ မှ မွေးဖွားလိုက်ကြသော မောင်မောင်၊ စိုးနိုင်စသော လူဆိုးလူသွမ်းလေးများ သည် အိမ်နီကြီး၏ အနောက်ဘက် ခြံစည်းရိုးမှ ခိုးဝင်၍ ပင်တော်လေး သရက်ပင်ပေါ်သို့ တက်ကာ သရက်သီးများကို ခူးဆွတ်ကြ၏။ သရက်ကိုင်းများကိုလည်း ချိုးဖဲ့ကြ၏။

အောင်စေသည် မဟာနန္ဒာကန်အနီးတွင် အမှိုက်များကို လှဲကျင်းရင်း ထိုမြင်ကွင်းကို မြင်လေရာ

"အပင်ပေါ်က ဆင်းကြစမ်း၊ ခြံထဲကိုဘယ်လိုဝင်လာတာလဲ၊ ဒီသရက်သီးကို ဘယ်သူမှ မခူးရဘူး"

ဟု အော်ဟစ်လေ၏။ ထိုအခါ စက်သူဌေး ဦးခင်မောင်နု၏ မယားကြီးမှ မွေးဖွားသော မောင်မောင်ဆိုသူက

"ခူးချင်လို့ ခူးတယ်ကွာ၊ မင်းဘာလုပ်ချင်လဲ၊ ငါတို့ ကို ဘာကောင်တွေ အောက်မေ့လဲ၊ သူဌေးသားပိုက်ဆံဝါလားတွေကွ"

ဟု ရင့်သီးစွာ ပြန်လည်ပြောဆိုလေ၏။ မယားငယ်၏ သား စိုးနိုင်ဆိုသော လူဆိုးလူသွမ်းလေးကလည်း

"အသားမနာချင်ရင် အပင်အောက်မှ ငြိမ်ငြိမ်လေးနေ၊ ငါတို့ တစ်ပင်လုံးမခူးဘူး၊ စားလောက်ရုံပဲ ခူးမှာ "

ဟု ရိုင်းစိုင်းစွာပြောဆိုလေ၏။ အောင်စေသည် မိန်းမလျာကြီး၏ စကားကြောင့် သရက်သီးများကို စောင့်ရှောက်ရမည့် ဝတ္တရားရှိလေရာ

"ဟေ့ကောင်တွေ ဘာပဲဖြစ်ဖြစ် အပင်ပေါ်က ဆင်းဆိုဆင်းကွာ၊ သရက်သီးကို မခူးရဘူးလို့ ပိုင်ရှင်က သေသေချာချာ မှာ ထားတယ်ကွ"

ဟု အော်ဟစ် လိုက်လေ၏။ အောင်စေ၏ စကားကြောင့် မောင်မောင်ဆိုသော လူဆိုးလူသွမ်းလေးသည် တက်ခေါက်လိုက်ပြီး

"တောက် .... မင်းဟာ ကိုယ်နဲ့ မဆိုင်ဘဲ ဆရာလုပ်ချင်တဲ့ ကောင်ပဲ၊ ငါတို့ ဘာကောင်တွေလဲဆိုတာ အကြောင်းပြရသေးတာပေ့ါ"

ဟု ကြုံးဝါးရင်း အပင်ပေါ်မှ ဆင်း လာလေရာ ၎င်း၏ အနောက်မှ စိုးနိုင်နှင့် အဖော်အပေါင်းများ လည်း ဆင်းလာကြ၏။

မောင်မောင်သည် အပင်အောက်သို့ ရောက်သောအခါ အောင်စေ၏ ရင်ဘတ်ကို လက်ဖြင့်ဆောင့်တွန်း၍

"မင်းနဲ့ ဘာဆိုင်လို့ ဝင်ပြောရတာလဲ၊ တက်တယ်ကွာ၊ မင်းဘာလုပ်

ချင်လဲ၊ ခွေးမသား"

ဟု ရိုင်းစိုင်းစွာ ရန်စလိုက်၏။ ၎င်းတို့ သည် အိမ်နီကြီးတွင် ဆင်းရဲပင်ပန်းစွာဖြင့် ဘုံကျွန်အဖြစ် လုပ်ကိုင်ရသော အောင်စေ၏ ဘဝကို နားလည်သူများ ဖြစ်ပုံရ၏။ ထို့ကြောင့် ရိုင်းစိုင်းစွာ နိုင်ထက်စီးနင်းပြုကျင့်ခြင်း ဖြစ်၏။

အောင်စေသည် စော်ကားခံရသော်လည်း စိတ်ကိုထိန်း၍

"ဟေ့ကောင်တွေ၊ ပိုင်ရှင်က ငါ့ကိုစောင့်ရှောက်ခိုင်းထားလို့ ပြောရတာကွ၊ အပင်ပေါ်ဘယ်သူမှ မတက်ရဘူး၊ သရက်သီးလဲ မခူးရဘူး"

ဟု အော်ဟစ် လိုက်လေ၏။

ထိုအခါ မောင်မောင်က

"တက်တယ်ကွာ၊ ဘာလုပ်ချင်သလဲ"

ဟု ပြောကာ အောင်စေ၏ မေးကို လက်သီးဖြင့် ထိုးလေ၏။

အောင်စေသည် မောင်မောင်၏ လက်သီးကြောင့် မြေပေါ်သို့ဖင်ထိုင်လျက် လဲလေ၏။ ဦးခင်မောင်နု၏ မယားငယ်က မွေးသောသားစိုးနိုင်က အောင်စေ၏ နောက်ကျောကိုခြေဖြင့် ကန်လေ၏။

အောင်စေသည် စိုးနိုင်၏ ခြေထောက်ကို ဖမ်းချုပ်၍ အားဖြင့် ဆွဲလှဲလိုက်ရာ စိုးနိုင်လဲကျလေ၏။

ထိုအခါ အောင်စေက စိုးနိုင်ပေါ်မှ ခွစီး၍ ထိုး၏။ မောင်မောင်က အောင်စေကို ဆွဲလှဲ၍ လက်သီးဖြင့် ထိုးပြန်၏။

နောက်ဆုံးတွင် အောင်စေသည် စက်သူဌေးသားနှစ်ယောက်၏ တစ်ယောက်တစ်လှည့် ဝိုင်းဝန်းထိုးကြိတ်မှုကြောင့် လိမ့်နေအောင် ခံရလေ

၏။

အောင်စေ၏ မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီသောအခါမှ ပင် ရေကန်ဘက်သို့ လျှောက်လာသော ပျော်တော်ဆက် မိန်းကလေးတစ်ဦးက

"ဟော့ကောင်လေးတွေ ၊ ရပ်ကြစမ်း၊ တစ်ယောက်နဲ့ အများ အနိုင်ကျင့်ရသလား"

ဟု ငေါက်ငမ်းသောအခါမှ ပင် စက်သူဌေးသားနှစ်ယောက်နှင့် အပေါင်းအပါများ ထွက်ပြေးကြလေ၏။ ပျော်တော်ဆက်မိန်းကလေးသည် အောင်စေ၏ အနီး၌ ဒူးထောက်ထိုင်၍

"အို ..... မျက်နှာတစ်ခုလုံး သွေးတွေနဲ့ ပါလား၊ ဖြစ်မှ ဖြစ်ရလေ အောင်စေရယ်၊ အဲဒါ ဘယ်ကကောင်လေးတွေလဲ"

ဟု မေးမြန်းလေ၏။ အောင်စေက နှာခေါင်းမှ ကျလာသော သွေးများကို သုတ်၍

"စက်သူဌေးရဲ့ မယားကြီးနဲ့ မယားငယ်ရဲ့ သားတွေပါ၊ ဒီကောင်တွေဟာ မိဘတွေက အလိုလိုက်ထားလို့ ဆိုးသွမ်းလူငယ် တွေဖြစ်နေတာ အစ်မရဲ့ ၊ အခုလည်း သရက်ပင်ပေါ်တက်ခူးပြီး သရက်ကိုင်းတွေ ချိုးချလို့ မလုပ်ပါနဲ့ လို့ တားတာမရဘူး၊ ကျွန်တော့်ကို ဆဲဆိုပြီး ထိုးကြိတ်သွားတယ်လေ"

ဟု ပြောလေရာ မိန်းကလေးက သူမ၏ ခါးကြားမှ လက်ကိုင်ပဝါကို ထုတ်၍ အောင်စေ၏ မျက်နှာမှ သွေးများကို သုတ်ပေးပြီး

"ဒီကောင်တွေ အနိုင်ကျင့်တာကို ဦးမာလတ်ကို တိုင် လိုက်လေ၊ ဦးမာလတ်ကတစ်ဆင့် သူ့အဖေစက်သူဌေးကို တိုင်မှာ ပေါ့"

ဟု ဂရုဏာသက်စွာ ပြောလေ၏။ အောင်စေက ခေါင်းခါ၍

"ဦးမာလတ်ကို တိုင်ရင်လဲ ဘာမှ မထူးပါဘူး အစ်မရယ်၊ ဦးမာလတ်က ကျွန်တော့်ကိုပဲ အပြစ်တင်ပြီး ခံရတာတောင် နည်းသေးတယ်လို့ ပြောမှာ သေချာတယ်၊ ကျွန်တော် ဝဋ်ကြွေးရှိလို့ ခံရတယ်လို့ ပဲ မှတ်လိုက်ပါတော့မယ်"

ဟု ပြောလေရာ ပျော်တော်ဆက်မိန်းကလေးက အောင်စေ၏ မျက်နှာကို ကြင်နာစွာကြည့်၍

"အောင်စေရယ်၊ ငါအိမ်နီကြီးကို ရောက်တာ သုံးလလောက်ပဲရှိသေးတယ်၊ နင့်ကို လူတိုင်းက အနိုင်ကျင့်နေတာမြင်ရတယ်၊ ရွှေတူးတဲ့ အိုက်မောင်တို့ ဆရာတပည့်တွေလာရင်လည်း နင့်ကိုပဲ အမျိုးမျိုးနှိပ်စက်နေကြတယ်၊ ငါတို့လို မိန်းမတွေကလည်း နင့်ကို ဆူပူကြိမ်းမောင်းပြီး ကိုယ်ထိလက်ရောက် ရိုက်နှက်တာတောင် ရှိတယ် "

ဟု ပြောလေ၏။ သူမသည် ပျော်တော်ဆက်များ ထဲတွင် အလှပဆုံးနှင့် ဣန္ဒြေသိက္ခာအရှိဆုံး မိန်းမဖြစ်ပြီး တစ်မူထူးခြားသူ ဖြစ်၏။

သူမ၏ အမည်မှာ မဥမ္မာဟူ၍ ဖြစ်ပြီး အမည်နဲ့ လိုက်ဖက်အောင် ချောမောလှပပြီး နုပျိုသူ ဖြစ်၏။

မဥမ္မာက အောင်စေ၏ မျက်နှာမှ သွေးများကို လက်ကိုင်ပဝါကို ရေဆွတ်၍ သန့်စင်ပေးလေ၏။

မဥမ္မာက အောင်စေကို သန့်စင်ပေးရင်း

"အောင်စေရယ်၊ နင့်မိဘတွေက နင်ဒီလိုပင်ပန်းဆင်းရဲနေတာ ဘာမှ မပြောဘူးလား"

ဟု မေးမြန်းလေ၏။ အောင်စေက သက်ပြင်းချ၍

"ကျွန်တော့်မိဘတွေကို မွေးကတည်းက ဒီနေ့အထိ ကျွန်တော်မမြင်ဖူးဘူး၊ ကျွန်တော် အမေလားဘာလားမသိရတဲ့ မိန်းမတစ်ယောက်ဟာ ကျွန်တော့်ကို မိုးတွေရွာတဲ့ ညတစ်ညမှာ ဦးမာလတ်ဆီမှာ အိပ်ရင်း စွန့်ပစ်သွားခဲ့တယ်လေ"

ဟု အစချီကာ သူ့ဘဝနောက်ကြောင်းကို ပြန်လည်ပြောပြလေ၏။ မဥမ္မာသည် အောင်စေ၏ ဘဝကို အစအဆုံးနားထောင်၍ စုတ်သတ်ကာ

"နင့်ဘဝဟာ ငါထင်တာထက်တောင် သနားစရာကောင်းနေပါလား၊ ဒါဆိုရင် နင် မွေးကတည်းက အိမ်နီကြီးမှာ နေပြီး မိန်းမတွေရဲ့ အခိုင်းခံဘဝနဲ့ နေခဲ့ရတာပေါ့"

ဟု ပြောလေရာ အောင်စေက ခေါင်းညိတ်၍

"ဟုတ်ပါတယ်၊ ကျွန်တော့်ကိုသူတို့ ပဲ ထိန်းကျောင်းခဲ့တာပါ၊ ဒါကြောင့် သူတို့ ဘယ်လောက်ပဲ ဆိုးဆိုး၊ ကျွန်တော်သည်းခံပြီး နေထိုင်နိုင်ပါတယ်၊ ကျွန်တော့်ကို ဦးမာလတ်ကြီးက ကျောင်းမထားခဲ့ဘူး၊ဒါပေမယ့် အင်္ဂလိပ်စာရော ၊ မြန်မာစာရော ကျွန်တော်တတ်တယ်၊ ဒီ့အပြင် သမိုင်းပညာ၊ အတွေးအခေါ်ပညာ၊ သင်္ချာပညာတွေကိုပါ ကျွန်တော်နားလည်တယ်၊ ဒါတွေက မိန်းကလေးတွေ သင်ပေးခဲ့တာပေါ့၊ မျက်လှည့်ပညာ၊ အချုပ်အလုပ်ပညာတွေပါ ကျွန်တော် တတ်ကျွမ်းတယ်၊ ဒါဟာ အိမ်နီကြီးက မိန်းကလေးတွေရဲ့ ကျေးဇူးတွေပါ အစ်မရယ်၊ ဒါကြောင့် သူတို့ ဘယ်လောက်ဆိုးဆိုး၊ ကျွန်တော့်ကို ဘယ်လောက်ပဲ နှိပ်စက်ညှဉ်းပန်းပါစေ ကျွန်တော်သည်းခံပြီး နေနိုင်တာပေါ့"

ဟု ပြောလေရာ မဥမ္မာက အောင်စေ၏ မျက်နှာကို ကရုဏာသက်စွာ ကြည့်ရှု၍

"အောင်စေ၊ မင်းဟာ အတော်စိတ်ကောင်းရှိပြီး သည်းခံနိုင်စွမ်းရှိတဲ့

ကောင်လေးပဲ၊ မင်းကိုလဲ ငါတတ်တဲ့ ပညာတစ်ခုခုကို တစ်နေ့နေ့မှာ သင်ပေးနိုင်မယ်ထင်ပါတယ်"

ဟု တီးတိုးရေရွတ်လေ၏။

အောင်စေသည် ထိုနေ့ညနေမှာ ပင် ပျော်တော်ဆက် မိန်းကလေးတစ်ဦး၏ အော်ဟစ်ဆဲဆိုခြင်းကို ခံရလေ၏။

အဘယ်ကြောင့် ဆိုသော် ထိုမိန်းကလေး၏ အဝတ်အစားများကို လျှော်ပြီး နေပူလှမ်းရင်း မိုးရွာလာသဖြင့် မိုးရေများ စိုရွှဲကုန်၍ ဖြစ်၏။

"သေနာကောင်လေး အဝတ်ကို သေသေချာချာဂရုမစိုက်ဘူး၊ မိုးရွာတော့ ငါက ဒီနေ့ည ဘယ်အဝတ်အစားဝတ်ရမှာ လဲ"

ဟု ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား ဆူပူသောင်းကျန်းကာ အောင်စေ၏ ခေါင်းကို တဒေါက်ဒေါက် ခေါက်လေ၏။

မိန်းကလေးတစ်ဦးကလည်း မိုးရေစိုရွှဲနေသော အဝတ်အစားများကို လာရောက်ကြည့်ရှု၍

"ဟင် ..... နင်ဟာ အလုပ်ကို အပိုးကျိုးအောင် ဘယ်တော့မှ မလုပ်ဘူး၊ ကဲ ..... ပေ့ါဦး"

ဟု ဆိုကာ အောင်စေ၏ ဇက်ပိုးကို ဖြောင်းခနဲအုပ်လေ၏။ အောင်စေသည် မျက်လုံးထဲတွင် ကြယ်မြင်လမြင်ဖြစ်သွားပြီး

"ကျွန်တော် မိုးတွေရွာနေတုန်း အိမ်မှာ မရှိလို့ ပါ အစ်မရယ်၊ ဈေးထိပ်က ဘော်လီဆိုင်မှာ အစ်မ ရွှေရွှေရဲ့ ဘော်လီကို သွားရွေးနေရလို့ ပါ"

ဟု တောင်းပန်ရလေ၏။ ထိုအခါ မိန်းကလေးတစ်ဦးက ခါးထောက်၍

"ဒီအဝတ်အစားတွေ မရှိရင် ညကျရင် နင့်ယောက်ဖတွေကို ငါက ဘယ်လိုဧည့်ခံရမှာ လဲဟဲ့"

ဟု ဆိုကာ အောင်စေအား မကြားဝံ့မနာသာအောင် ဆဲဆိုလေ၏။

မဥမ္မာသည် ထိုမြင်ကွင်းကိုကြည့်၍ အောင်စေအတွက် စိတ်မကောင်းဖြစ်မိပြန်၏။

ဘဝကံဆိုးရှာသောကလေးဟု တွေးကာ ထိုကလေး၏ ဘဝကို ကူညီချင်စိတ်များ တဖွားဖွားပေါ်လာ၏။

ပြီးမှ ခေါင်းခါယမ်း၍ မိမိကိုယ်မိမိ စိတ်ထဲမှ ပြောလိုက်မိ၏။

"ဥမ္မာ၊ ဥမ္မာ ၊ကောင်လေးကို ကူညီရအောင် ညည်းကရော ဘယ်လောက်များ အစွမ်းသတ္တိရှိလို့ လဲ၊ ကူညီချင်ဦးတော့ သူ့မှာ ပါရမီရှိမှ ဖြစ်မှာ ပါပဲလေ၊ ဒါပေမဲ့ လောလောဆယ်တော့ စက်သူဌေးသားတွေ အနိုင်ကျင့်တဲ့ ကိစ္စကို ဦးမာလတ်ကြီးကို ပြောရမယ်"

ဟု တစ်ကိုယ်တည်း ပြောဆိုမိလေ၏။

*